Vol.2 (8), April 2022




# စိုက်ပျိုးရေး ဈေးကွက်သတင်းလွှာ

(Agriculture Market Bulletin)

Market Information System

စိုက်ပျိုးရေးဦးစီးဌာန

"တိကျမြန်ဆန် ဈေးကွက်သတင်းမှန် တောင်သူများအတွက် ဖြန့်ဝေရန် စိတ်ချအားထား ဈေးနှုန်းများ တောင်သူများအား ဖြန့်ဝေသွား"

30th April, 2022

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(www.doa.gov.mm/mis/, doamisppme@gmail.com, + ၉၅ ၆၇ ၃၄၁၀၅၃၈)

ပါဝင်သောအကြောင်းအရာများ

❖ ဈေးကွက်ဆိုင်ရာ သတင်းအချက်အလက်များ

- ➢ နံစားသီးနှံ
- ➢ ဆီထွက်သီးနှံ
- ➢ ပဲမျိုးစုံ
- ➢ စက်မှုကုန်ကြမ်းသီးနှံ
- ➢ စားဖိုဆောင်သီးနှံ
- ➢ အသား/ငါးနှင့်ဥအမျိုးမျိုး

❖ ပြည်တွင်းပြည်ပဈေးကွက်နှင့် လယ်ယာသတင်းအချက် အလက်များ

## ဈေးကွက်သတင်းအချက်အလက်များ

- ❖ ပေါ်ဆန်းနှင့် မနောသုခစပါးဈေးနှုန်းများ အနည်းငယ်သာ ဆက်လက်မြင့်တက်နေ
- ❖ ဆီထွက်သီးနှံဖြစ်သည့် နှမ်းနက်၊ မြေပဲနှင့် နေကြာ ဈေးနှုန်းများ အနည်းငယ်မြင့်တက်လျက်ရှိ
- ❖ မတ်ပဲ၊ ပဲတီစိမ်းနှင့် ပဲစင်းငုံစသည့် ပြည်ပတင်ပို့သည့် ပဲမျိုးစုံဈေးနှုန်းများ အနည်းငယ်ပြောင်းလဲမှုဖြစ်ပေါ်နေ
- ❖ ဝါ (ချည်မျှင်ရှည်) တစ်ပိဿာဈေးနှုန်းနှင့် ချက်ကြံ တစ်တန် ဈေးနှုန်းဖြစ်ပေါ်မှု
- ❖ ရော်ဘာတစ်ပေါင်ဈေးနှုန်း ဆက်လက်ကျဆင်းလျက်ရှိ
- ❖ ကြက်သွန်နီနှင့် ကြက်သွန်ဖြူ ဈေးနှုန်းများ တည်ငြိမ်လျက်ရှိ
- ❖ ငရုတ်အစိုနှင့် အခြောက်ဈေးနှုန်းများ တည်ငြိမ်လျက်ရှိ
- ❖ ခရမ်းချဉ်ဈေးနှုန်း ဆက်လက်ကျဆင်းလျက်ရှိ
- ❖ မွေးမြူရေးဆိုင်ရာ အသား၊ ဥအမျိုးမျိုးနှင့် ငါး/ ပုဇွန်/ ဂဏန်းအမျိုးမျိုးတို့၏ ဈေးနှုန်းဖြစ်ပေါ်မှု

စာမျက်နှာ ၂ မှ ၄

စိုက်ပျိုးရေးဆိုင်ရာနိုင်ငံတကာသတင်းများ

## ပြည်တွင်းပြည်ပလယ်ယာသတင်းများ

- ❖ သင်္ကြန်လွန်ကာလတွင် ရော်ဘာနေလှန်းပြားများ ဈေးကွက်တည်ငြိမ်လျက်ရှိ
- ❖ လွန်ခဲ့သည့် mini-budget ကာလအတွင်း မြန်မာနိုင်ငံမှ ပဲမျိုးစုံတန်ချိန်(၁)သန်းကျော် တင်ပို့ခဲ့
- ❖ မြန်မာနိုင်ငံ၏ အရည်အသွေးကောင်းမွန်သော မြေပဲများကို တရုတ်နိုင်ငံမှ ဈေးကောင်းပေး၍ ဝယ်ယူလျက်ရှိ
- ❖ မြန်မာနိုင်ငံတွင် သရက်စိုက်ပျိုးထုတ်လုပ်သူများသည် ပြည်တွင်းဈေးကွက်ကိုသာ စိတ်ဝင်စားနေသည့်အတွက် ပြည်ပတင်ပို့မှုဈေးကွက်တွင် အဟန့်အတားဖြင့် ရင်ဆိုင်နေရ
- ❖ အိန္ဒိယနိုင်ငံသည် ဝါဈေးနှုန်းတည်ငြိမ်စေရန်အတွက် အကောက်ခွန်ကင်းလွတ်တင်သွင်းခွင့်ကို စက်တင်ဘာလအထိ ခွင့်ပြုထား
- ❖ ဒေါ်လာဈေးမြင့်တက်ပြီး အမေရိကန်ရောင်းလိုအား မြင့်တက်လာခြင်းတို့ကြောင့် ကော်ဖီဈေးနှုန်းများ ကျဆင်းလျက်ရှိ
- ❖ ထိုင်းနိုင်ငံသည် တရုတ်-လာအို မီးရထားလမ်းမှတဆင့် စိုက်ပျိုးရေးထွက်ကုန်များ ပိုမိုတင်ပို့နိုင်ရန် မျှော်မှန်းထား


စာမျက်နှာ ၅ မှ ၈


- ♣ မြန်မာ့ပဲမျိုးစုံ တင်ပို့မှုအခြေအနေ
- ♣ ဆန်နှင့် စားသုံးဆီဈေးနှုန်းများ
- ♣ စိုက်ပျိုးရေးသွင်းအားစုဈေးနှုန်းများ

စာမျက်နှာ ၈ မှ ၈

# စျေးကွက်သတင်း အချက်အလက်များ

## နှံစားသီးနှံ





### ပေါ်ဆန်းမွေးနှင့် မနေသုခစပါး

- ဧပြီလဒုတိယ(၁၅)ရက်အတွင်း၌ ပေါ်ဆန်းစပါး၏ စျေးကွက်အတွင်း ပျမ်းမျှတစ်တင်းစျေးနှုန်းမှာ(၁၃၈၃၃)ကျပ် ရှိနေပြီး တစ်တင်းလျှင် (၁၆၀၀၀)ကျပ်ဖြင့် စျေးနှုန်း အမြင့်ဆုံးဖြစ်နေပါသည်။ ဧပြီလပထမ(၁၅)ရက်နှင့် နှိုင်းယှဉ်ပါ က စျေးကွက်အတွင်း တစ်တင်းလျှင် ၅၀၀ ကျပ်မှ ၁၅၀၀ကျပ် (၃%မှ ၁၁%)ခန့်အတွင်း စျေးနှုန်း အနည်းငယ်မြင့်တက်လျက်ရှိပြီး အချို့စျေးကွက်များတွင် စျေးနှုန်းပြောင်းလဲမှုမရှိသည်ကို တွေ့ရှိရပါသည်။
- ဧပြီလဒုတိယ(၁၅)ရက်အတွင်း မနေသုခစပါး၏ စျေးကွက်အတွင်း ပျမ်းမျှတစ်တင်းစျေးနှုန်းမှာ (၈၂၆၀)ကျပ် ရှိနေပြီး တစ်တင်းလျှင် (၉၀၀၀)ကျပ်ဖြင့် စျေးနှုန်းအမြင့်ဆုံးဖြစ်နေပါသည်။ ဧပြီလပထမ(၁၅)ရက်နှင့်နှိုင်းယှဉ်ပါ က စျေးကွက်အချို့၌ တစ်တင်းလျှင် ၃၀၀ကျပ်မှ ၁၀၀၀ ကျပ်(၃%မှ ၁၃%)ခန့်အတွင်း စျေးနှုန်း အနည်းငယ်မြင့်တက်လျက် ရှိသော်လည်း အချို့စျေးကွက်များ၌ စျေးနှုန်းပြောင်းလဲမှုမရှိသည်ကို တွေ့ရှိရပါသည်။
- ဧပြီလဒုတိယ(၁၅)ရက်အတွင်း စပါးစျေးနှုန်းအခြေအနေမှာ စျေးကွက်အတွင်း အရောင်းအဝယ်အေးနေသော်လည်း စပါးလက်ကျန်နည်းနေပြီး ဝယ်ယူသိုလှောင်မှုများ ရှိနေခြင်းနှင့် ပြည်တွင်းစျေးကွက်တွင် ဆန်စျေးနှုန်းများ မြင့်တက်လျက်ရှိခြင်းတို့ကြောင့် စပါးစျေးနှုန်းမှာ အနည်းငယ်မြင့်တက်နေခြင်းဖြစ်ကြောင်း သိရှိရပါသည်။

### အစေ့ထုတ်ပြောင်း





- ဧပြီလဒုတိယ(၁၅)ရက်အတွင်း အစေ့ထုတ်ပြောင်း စျေးနှုန်းမှာ ယခင်(၁၅)ရက်စျေးနှုန်းနှင့်နှိုင်းယှဉ်ပါက မကွေးစျေးကွက်၌ တစ်တင်းလျှင် ၄၅၀၀ကျပ် (၅၃%) ခန့် စျေးနှုန်းအများဆုံးမြင့်တက်လျက်ရှိသည်ကို တွေ့ရှိပါသည်။ စျေးနှုန်းအခြေအနေမှာ ထိုင်းနိုင်ငံသို့ ယခုနှစ် ဩဂုတ်လကုန်အထိ အခွန်ကင်းလွတ်ခွင့်ဖြင့် တင်ပို့ခွင့် ရှိနေခြင်းကြောင့် ပုံမှန်အရောင်းအဝယ်ဖြင့် စျေးနှုန်း ဆက်လက်မြင့်တက်နေခြင်းဖြစ်ကြောင်း သိရှိရပါသည်။ စျေးနှုန်းအမြင့်ဆုံးအနေဖြင့် တစ်တင်းလျှင် (၁၇၀၀၀)ကျပ် ရှိနေပါသည်။


# ဆီထွက်သီးနှံစျေးနှုန်းများ

## နှမ်း၊ မြေပဲ၊ နေကြာ

- ဧပြီလဒုတိယ(၁၅)ရက်အတွင်း နှမ်းနက်စျေးနှုန်းမှာ စစ်ကိုင်းစျေးကွက်တို့၌ တစ်တင်းလျှင် (၇၂၀၀၀)ကျပ်ဖြင့် စျေးနှုန်းအမြင့်ဆုံးဖြစ်နေပြီး ဧပြီလပထမ(၁၅)ရက်နှင့် နှိုင်းယှဉ်ပါက စျေးကွက်အချို့တွင် တစ်တင်းလျှင် ၁၀၀၀ကျပ်မှ ၁၂၅၀၀ကျပ် (၁%မှ ၂၃%)ခန့်အတွင်း စျေးနှုန်းမြင့်တက်လျက်ရှိပြီး အချို့စျေးကွက်များတွင် စျေးနှုန်းပြောင်းလဲမှုမရှိသည်ကို တွေ့ရှိရပါသည်။
- မြေပဲ(အတောင့်)စျေးနှုန်းမှာ ဧပြီလ ဒုတိယ(၁၅)ရက် အတွင်း တစ်တင်းလျှင် (၂၅၀၀၀)ကျပ်ဖြင့် စျေးကွက် အတွင်း စျေးနှုန်းအမြင့်ဆုံးဖြစ်နေပါသည်။ ယခင် (၁၅)ရက်စျေးနှုန်းနှင့်နှိုင်းယှဉ်ပါက စစ်ကိုင်းစျေး ကွက်၌သာ တစ်တင်းလျှင် ၁၉% ခန့် စျေးနှုန်းအများ ဆုံးကျဆင်းခဲ့ပြီး စျေးကွက်အချို့တွင် တစ်တင်းလျှင် ၆% မှ ၂၀% ခန့်အတွင်း စျေးနှုန်းမြင့်တက်လျက် ရှိပါသည်။ ပြည်ပမှ တင်သွင်းလျက်ရှိသည့် စား အုန်းဆီစျေးနှုန်းမြင့်တက်လျက်ရှိရာ မြေပဲဆီဝယ်ယူ အသုံးပြုမှုများပြားလာခြင်းကြောင့် မြေပဲစျေးနှုန်းမှာ အနည်းငယ် ပြောင်းလဲမှုရှိနေခြင်းဖြစ်ကြောင်း သိရှိရပါသည်။
- နေကြာစျေးနှုန်းမှာ ဧပြီလဒုတိယ(၁၅)ရက်အတွင်း ပဲခူး စျေးကွက်၌ တစ်တင်းလျှင်(၃၅၀၀၀)ကျပ်ဖြင့် အမြင့်ဆုံး ဖြစ်နေပါသည်။ ယခင်(၁၅)ရက်စျေးနှုန်းနှင့်နှိုင်းယှဉ်ပါက မန္တလေး၊ စစ်ကိုင်းနှင့် မကွေးစျေးကွက်တို့၌ တစ်တင်း လျှင် ၂၀၀၀ ကျပ်မှ ၈၀၀၀ ကျပ် (၇%နှင့် ၄၄%) ခန့် အတွင်း စျေးနှုန်းမြင့်တက်ခဲ့ပါသည်။





| စျေးကွက်အမည် | မြေပဲ(အတောင့်)စျေးနှုန်း (ကျပ်/တင်း) | | |
|---|---|---|---|
| | ဧပြီလ ပထမ(၁၅)ရက် | ဧပြီလ ဒုတိယ(၁၅)ရက် | ခြားနားချက်(%) |
| နေပြည်တော် | ၂၅၀၀၀ | ၂၅၀၀၀ | ၀.၀၀ |
| ရန်ကုန် | ၂၂၄၀၀ | ၂၂၄၀၀ | ၀.၀၀ |
| မန္တလေး | ၁၃၅၀၀ | ၁၅၅၀၀ | (+)၁၄.၈၁ |
| မကွေး | ၁၃၅၀၀ | ၁၆၀၀၀ | (+)၁၈.၅၂ |
| ပဲခူး | ၂၇၀၀၀ | ၂၅၀၀၀ | (-)၇.၄၁ |
| စစ်ကိုင်း | ၂၃၀၀၀ | ၁၈၅၀၀ | (-)၁၉.၅၇ |
| ကချင် | ၂၀၀၀၀ | ၂၀၀၀၀ | ၀.၀၀ |
| ကရင် | ၁၅၀၀၀ | ၁၆၀၀၀ | (+)၆.၆၇ |
| ရခိုင် | ၁၅၀၀၀ | ၁၈၀၀၀ | (+)၂၀.၀၀ |
| ရှမ်း | ၁၆၀၀၀ | ၁၆၀၀၀ | ၀.၀၀ |



# ပဲမျိုးစုံ ဈေးကွက်

## ပဲတီစိမ်း





## မတ်ပဲ

| ဈေးကွက်အမည် | မတ်ပဲဈေးနှုန်း (ကျပ်/တင်း) | | |
|---|---|---|---|
| | ဧပြီလ ပထမ (၁၅)ရက် | ဧပြီလ ဒုတိယ (၁၅)ရက် | ခြားနားချက်(%) |
| နေပြည်တော် | ၅၀၀၀၀ | ၅၂၀၀၀ | (+)၄.၀၀ |
| ရန်ကုန် | ၆၀၀၀၀ | ၆၀၀၀၀ | ၀.၀၀ |
| မန္တလေး | ၄၃၀၀၀ | ၄၈၅၀၀ | (+)၁၂.၇၉ |
| မကွေး | ၄၀၀၀၀ | ၄၈၀၀၀ | (+)၂၀.၀၀ |
| ဧရာဝတီ | ၄၁၅၀၀ | ၄၇၀၀၀ | (+)၁၃.၂၅ |
| ပဲခူး | ၅၆၀၀၀ | ၅၀၀၀၀ | (-)၁၀.၇၁ |
| စစ်ကိုင်း | ၄၄၅၀၀ | ၄၀၅၀၀ | (-)၈.၉၉ |
| ကချင် | ၄၀၀၀၀ | ၄၀၀၀၀ | ၀.၀၀ |
| ကရင် | ၃၀၀၀၀ | ၃၀၀၀၀ | ၀.၀၀ |
| မွန် | ၄၉၀၀၀ | ၄၇၀၀၀ | (-)၄.၀၈ |
| ရခိုင် | ၄၀၀၀၀ | ၄၀၀၀၀ | ၀.၀၀ |

## ပဲတီစိမ်းနှင့်မတ်ပဲ


- ပဲတီစိမ်းဈေးနှုန်းမှာ ဧပြီလဒုတိယ(၁၅)ရက်အတွင်း ရန်ကုန်ဈေးကွက်၌ တစ်တင်းလျှင် (၅၉၀၀၀)ကျပ်ဖြင့် အမြင့်ဆုံးဖြစ်နေပါသည်။ ဧပြီလပထမ(၁၅)ရက်နှင့် နှိုင်းယှဉ်ပါ က ရန်ကုန်နှင့် မန္တလေးဈေးကွက်များတွင် တစ်တင်းလျှင် ၃၀၀၀ကျပ်(၄%)နှင့် ၂၀၀၀ကျပ်(၄%) ခန့်အသီးသီးဈေးနှုန်းကျဆင်းခဲ့ပြီး အချို့ဈေးကွက်များ တွင် တစ်တင်းလျှင် ၁၀၀၀ကျပ်မှ ၅၀၀၀ကျပ်(၂%မှ ၁၂%)ခန့်အတွင်း ဈေးနှုန်းမြင့်တက်လျက်ရှိပြီး ဈေးကွက်အချို့၌ ဈေးနှုန်းပြောင်းလဲမှုမရှိခဲ့ပါ။
- ဧပြီလဒုတိယ(၁၅)ရက်အတွင်း မတ်ပဲဈေးနှုန်းမှာ ရန်ကုန်ဈေးကွက်၌ တစ်တင်းလျှင် (၆၀၀၀၀)ကျပ်ဖြင့် အမြင့်ဆုံးရှိနေပြီး ဧပြီလပထမ(၁၅)ရက်နှင့်နှိုင်းယှဉ်ပါ က အချို့ဈေးကွက်၌ တစ်တင်းလျှင် ၂၀၀၀ကျပ်မှ ၆၀၀၀ကျပ်(၄%မှ ၁၀%)ခန့်အတွင်း ဈေးနှုန်းကျဆင်းခဲ့ပြီး အချို့ဈေးကွက်များတွင် တစ်တင်းလျှင် ၂၀၀၀ ကျပ်မှ ၈၀၀၀ကျပ်(၄%မှ ၂၀%)ခန့်အတွင်း ဈေးနှုန်းမြင့်တက်လျက်ရှိပါ သည်။
- ပဲစဉ်းငုံဈေးနှုန်းမှာ ဧပြီလဒုတိယ(၁၅)ရက်အတွင်း ရှမ်းပြည်နယ်၌ တစ်တင်းလျှင် (၄၉၀၀၀)ကျပ်ဖြင့် အမြင့်ဆုံး ဖြစ်နေပြီး ယခင်(၁၅)ရက်နှင့်နှိုင်းယှဉ်ပါက အချို့ဈေးကွက်များတွင် တစ်တင်းလျှင် ၁၀၀၀ကျပ်မှ ၆၀၀၀ကျပ် (၂%မှ ၁၄%)ခန့်အတွင်း ဈေးနှုန်းမြင့်တက်ခဲ့ပြီး အချို့ ဈေးကွက်များတွင် အမြင့်ဈေးနှုန်းဖြင့်ပင် ဈေးနှုန်း တည်ငြိမ်လျက် ရှိပါသည်။
- ဧပြီလဒုတိယ(၁၅)ရက်အတွင်း ပဲမျိုးစုံဈေးနှုန်းအခြေအနေမှာ သင်္ကြန်လွန်ကာလတွင် ပြည်ပတင်ပို့လျက်ရှိသည့် ပဲမျိုးစုံရောင်းဝယ်မှုများ ပြန်လည်ကောင်းမွန်လာသော်လည်း စက်သုံးဆီဈေးနှုန်း မြင့်တက်မှုအကျိုးဆက်ကြောင့် ဈေးနှုန်းပြောင်းလဲမှု ဖြစ်ပေါ်နေခြင်း ဖြစ်ကြောင်း သိရှိရပါသည်။

## ပဲစင်းငုံ




# စက်မှုကုန်ကြမ်းသီးနှံ


## ဝါ (ချည်မျှင်ရှည်)




❖ ဧပြီလဒုတိယ(၁၅)ရက်အတွင်း ဝါ (ချည်မျှင်ရှည်) တစ်ပိဿာဈေးနှုန်းမှာ မကွေးဒေသ၌ (၂၃၅၀)ကျပ်ဖြင့် ဈေးနှုန်းအမြင့်ဆုံးဖြစ်နေပြီး တစ်ပိဿာပျမ်းမျှဈေးနှုန်းသည် (၂၀၀၈)ကျပ်ရှိနေပါသည်။ ဧပြီလပထမ(၁၅)ရက်နှင့်နှိုင်းယှဉ်ပါက ဝါတစ်ပိဿာဈေးနှုန်းသည် မကွေး၌ ၇၅၀ကျပ်ခန့် ဈေးနှုန်းမြင့်တက်ခဲ့ပြီး နေပြည်တော်၌ ၂၀၀ကျပ်ခန့် ဈေးနှုန်းကျဆင်းကာ ကျန်ဒေသများ၌ ဝါ ဈေးနှုန်းပြောင်းလဲမှုမရှိခဲ့ပါ။


## ချက်ကြံ

- ဧပြီလဒုတိယ(၁၅)ရက်အတွင်း ချက်ကြံတစ်တန် ပျမ်းမျှဈေးနှုန်းသည် (၅၄၆၄၃)ကျပ် ရှိနေပါသည်။ ယခင်(၁၅)ရက်ဈေးနှုန်းနှင့် နှိုင်းယှဉ်ကြည့်လျှင် မန္တလေး၊ စစ်ကိုင်းနှင့် ကရင်ဒေသများ၌ တစ်တန်လျှင် (၃၀၀၀)ကျပ်မှ (၁၅၀၀၀)ကျပ်အတွင်း ဈေးနှုန်းမြင့်တက်ခဲ့ပြီး ကျန်ဒေသများ၌ ဈေးနှုန်းပြောင်းလဲမှုမရှိခဲ့ပါ။




## ရော်ဘာ

ဧပြီလဒုတိယ(၁၅)ရက်အတွင်း RSS-3 ရော်ဘာ
တစ်ပေါင်ဈေးနှုန်း ပြောင်းလဲမှုအခြေအနေ





Source: Perennial Crops Division, DoA

- RSS-3 ရော်ဘာတစ်ပေါင်ဈေးနှုန်းသည် ဧပြီလဒုတိယ (၁၅)ရက်အတွင်း၌ တနင်္သာရီဒေသတွင် (၁၂၈၆)ကျပ်မှ (၁၃၅၃)ကျပ်အတွင်း၊ မွန်ပြည်နယ်တွင် (၁၀၆၃) ကျပ်မှ (၁၁၂၄)ကျပ်အတွင်း၊ ကရင်ပြည်နယ်တွင် (၁၁၁၇) ကျပ်မှ (၁၁၆၃)ကျပ်အတွင်း အသီးသီးဈေးနှုန်း ဖြစ်ပေါ်လျက်ရှိပြီး ဒေသသုံးခု၏ပျမ်းမျှဈေးနှုန်းအနေဖြင့် တစ်ပေါင်လျှင်(၁၁၇၈)ကျပ်ရှိနေပါသည်။
- ဧပြီလဒုတိယပတ်အတွင်း ရော်ဘာဈေးနှုန်းအခြေအနေမှာ ဧပြီလပထမ(၁၅)ရက်နှင့်နှိုင်းယှဉ်ပါက တစ်ပေါင် ပျမ်းမျှဈေးနှုန်းသည် တနင်္သာရီဒေသ၌ (၂၈)ကျပ်ခန့်၊ မွန်ပြည်နယ်၌ (၆၀)ကျပ်ခန့်နှင့် ကရင်ပြည်နယ်၌ (၆၃) ကျပ်ခန့် အသီးသီးဈေးနှုန်း လျော့ကျလျက်ရှိသည်ကို တွေ့ရှိရပါသည်။

# စားဖိုဆောင်သီးနှံ

## ကြက်သွန်နီ





❖ ဧပြီလဒုတိယ(၁၅)ရက်အတွင်း ဈေးကွက်အတွင်းရှိ ကြက်သွန်နီ တစ်ပိဿာပျမ်းမျှဈေးနှုန်းမှာ (၁၁၃၈)ကျပ် ရှိနေပါသည်။ ယခင်(၁၅)ရက်ဈေးနှုန်းနှင့် နှိုင်းယှဉ်ပါက မန္တလေး၊ မကွေးနှင့် စစ်ကိုင်းတို့တွင် တစ်ပိဿာလျှင် ၅၀ကျပ်မှ ၂၀၀ကျပ်ခန့်သာ ဈေးနှုန်းအနည်းအငယ် မြင့်တက်ခဲ့သော်လည်း ဈေးကွက်အများစုတွင် ဈေးနှုန်း တည်ငြိမ်လျက်ရှိနေပါသည်။ ဧပြီလဒုတိယ(၁၅)ရက် အတွင်း ကြက်သွန်နီများ ဈေးကွက်အတွင်းသို့ ဝင်ရောက်မှုနည်းနေခြင်းကြောင့် ဈေးနှုန်းအနည်းငယ် ပြောင်းလဲမှုရှိနေခြင်းဖြစ်ပါသည်။

## ကြက်သွန်ဖြူ

| ဈေးကွက်အမည် | ကြက်သွန်ဖြူဈေးနှုန်း (ကျပ်/ပိဿာ) | | |
|---|---|---|---|
| | ဧပြီလ ပထမ (၁၅)ရက် | ဧပြီလ ဒုတိယ (၁၅)ရက် | ခြားနားချက်(%) |
| နေပြည်တော် | ၄၀၀၀ | ၄၀၀၀ | ၀.၀၀ |
| ရန်ကုန် | ၅၀၀၀ | ၅၀၀၀ | ၀.၀၀ |
| မန္တလေး | ၃၃၅၀ | ၂၇၀၀ | (-)၁၉.၄၀ |
| မကွေး | ၃၂၀၀ | ၃၅၀၀ | (+)၉.၃၈ |
| ပဲခူး | ၅၀၀၀ | ၃၅၀၀ | (-)၃၀.၀၀ |
| ဧရာဝတီ | ၅၀၀၀ | ၅၀၀၀ | ၀.၀၀ |
| စစ်ကိုင်း | ၄၀၀၀ | ၃၅၀၀ | (-)၁၂.၅၀ |
| တနင်္သာရီ | ၆၃၀၀ | ၇၀၀၀ | (+)၁၁.၁၁ |
| ကချင် | ၆၀၀၀ | ၆၀၀၀ | ၀.၀၀ |
| ကရင် | ၄၅၀၀ | ၄၅၀၀ | ၀.၀၀ |
| မွန် | ၅၅၀၀ | ၅၂၀၀ | (-)၅.၄၅ |
| ရခိုင် | ၈၀၀၀ | ၈၀၀၀ | ၀.၀၀ |
| ရှမ်း | ၄၀၀၀ | ၄၀၀၀ | ၀.၀၀ |


○ ဧပြီလဒုတိယ(၁၅)ရက်အတွင်း ကြက်သွန်ဖြူ ပျမ်းမျှ တစ်ပိဿာဈေးနှုန်းမှာ (၄၇၆၂)ကျပ်ရှိနေပြီး ယခင် (၁၅)ရက်ဈေးနှုန်းနှင့်နှိုင်းယှဉ်ပါက ဈေးကွက်အချို့တွင် တစ်ပိဿာလျှင် ၃၀၀ကျပ်မှ ၁၅၀၀ကျပ်ခန့် ဈေးနှုန်း ကျဆင်းခဲ့ပြီး ဈေးကွက်အများစုတွင် ဈေးနှုန်း သိသာစွာ ပြောင်းလဲမှု မရှိခဲ့ပါ။

## ခရမ်းချဉ်





○ ဧပြီလဒုတိယ(၁၅)ရက်အတွင်း ခရမ်းချဉ်တစ်ပိဿာ ပျမ်းမျှဈေးနှုန်းမှာ (၇၄၆)ကျပ်သာရှိနေပါ သည်။ ယခင် (၁၅)ရက်ဈေးနှုန်းနှင့် နှိုင်းယှဉ်ပါက အချို့ဈေးကွက် များတွင် တစ်ပိဿာလျှင် ၅၀ ကျပ်မှ ၂၀၀ကျပ်အတွင်း ဈေးနှုန်းဆက်လက်ကျဆင်းနေပြီး အချို့ဈေးကွက်များ ၌ ယခင်(၁၅)ရက်အတွင်းဖြစ်ပေါ်လျက်ရှိသော အကျ ဈေးနှုန်းဖြင့်ပင် ဈေးနှုန်းတည်ငြိမ်နေသည်ကို တွေ့ရှိရ ပါသည်။

## ငရုတ်(အစို)




○ ငရုတ်(အစို)ဈေးနှုန်းမှာ ဧပြီလဒုတိယ(၁၅)ရက်၌ ဈေးကွက်အတွင်း တစ်ပိဿာလျှင် (၄၀၀၀)ကျပ်ဖြင့် ဈေးနှုန်းအမြင့်ဆုံးရှိနေပြီး ဧပြီလပထမ(၁၅)ရက်နှင့် နှိုင်းယှဉ်ပါက အချို့ဈေးကွက်များတွင် တစ်ပိဿာလျှင် ၄၀၀ကျပ်မှ ၁၀၀၀ကျပ်(၄%မှ ၂၀%)ခန့်အတွင်း ဈေးနှုန်းမြင့်တက်ခဲ့ပြီး အချို့ဈေးကွက်များတွင် ဈေးနှုန်း ပြောင်းလဲမှု မရှိခဲ့ပါ။

## ငရုတ်(အခြောက်)




○ ငရုတ်(အခြောက်)ဈေးနှုန်းမှာ ဧပြီလဒုတိယ(၁၅)ရက် အတွင်း ရန်ကုန်နှင့်ရခိုင်ဈေးကွက်တို့၌ တစ်ပိဿာလျှင် (၁၀၀၀၀)ကျပ်ဖြင့် ဈေးနှုန်းအမြင့်ဆုံးရှိနေပါသည်။ ယခင်(၁၅)ရက်ဈေးနှုန်းနှင့်နှိုင်းယှဉ်ပါက ဈေးကွက် အချို့တွင် တစ်ပိဿာလျှင် ၆၀၀ ကျပ်မှ ၂၀၀၀ကျပ် (၁၂%မှ ၃၃%)ခန့်အတွင်း ဈေးနှုန်းမြင့်တက်လျက်ရှိပြီး အချို့ဈေးကွက်များတွင် ဈေးနှုန်းတည်ငြိမ်နေပါသည်။

# အသား/ ငါးနှင့် ဥအမျိုးမျိုး

## ၂၀၂၂ခုနှစ် ဧပြီလဒုတိယ(၁၅)ရက်အတွင်း ဈေးနှုန်းဖြစ်ပေါ်မှုအခြေအနေ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးကွက်ပေါက်ဈေး(ကျပ်/ယူနစ်) | | | |
|---|---|---|---|---|---|
| | | နေပြည်တော် | ရန်ကုန် | မန္တလေး | ရခိုင် |
| **ငါးအမျိုးမျိုး** | | | | | |
| ငါးသလောက် | ပိဿာ | ၁၈၀၀၀ | ၄၅၀၀၀ | ၂၂၀၀၀ | ၁၃၀၀၀ |
| ငါးကြင်း(ဖြူ) | ။ | ၁၀၀၀၀ | ၈၀၀၀ | ၈၀၀၀ | - |
| ငါးကြင်း(နီ) | ။ | ၇၀၀၀ | ၆၀၀၀ | ၃၅၀၀ | - |
| ငါးမြင်း | ။ | ၁၀၀၀၀ | - | - | - |
| ငါးတန် | ။ | ၇၀၀၀ | ၈၀၀၀ | ၃၅၀၀ | ၁၁၅၀၀ |
| ငါးခူ | ။ | ၁၀၀၀၀ | ၁၅၀၀၀ | ၈၀၀၀ | ၁၂၀၀၀ |
| ငါးကျည်း | ။ | ၁၀၀၀၀ | ၁၅၀၀၀ | ၈၀၀၀ | - |
| ငါးရံ့ | ။ | ၁၀၀၀၀ | ၁၅၀၀၀ | - | ၇၀၀၀ |
| ကကတစ် | ။ | ၁၅၀၀၀ | ၁၅၀၀၀ | - | ၁၂၅၀၀ |
| တီလားပီးယား | ။ | ၅၀၀၀ | ၆၀၀၀ | ၄၅၀၀ | ၇၀၀၀ |
| ပြည်ကြီးငါး | ။ | ၁၇၀၀၀ | ၃၀၀၀၀ | - | ၉၀၀၀ |
| ကင်းမွန် | ။ | ၁၅၀၀၀ | ၂၀၀၀၀ | - | ၈၅၀၀ |
| **ပုစွန်အမျိုးမျိုး** | | | | | |
| ပုစွန်ထုပ်ကြီး | ။ | ၃၀၀၀၀ | ၃၆၀၀၀ | ၃၁၀၀၀ | ၃၅၀၀၀ |
| ပုစွန်ဂျော့ | ။ | ၁၅၀၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၁၄၀၀၀ |
| ပုစွန်ဆိတ် | ။ | ၇၀၀၀ | ၁၀၀၀၀ | ၈၅၀၀ | ၈၀၀၀ |
| **ကဏန်းအမျိုးမျိုး** | | | | | |
| ကဏန်းပျော့ | ။ | ၁၆၀၀၀ | - | ၁၀၀၀၀ | ၁၄၀၀၀ |
| ကဏန်းမာ | ။ | ၈၅၀၀ | ၁၅၀၀၀ | ၈၀၀၀ | ၆၀၀၀ |
| **အသားအမျိုးမျိုး** | | | | | |
| ကြက်(စီပီ) | ပိဿာ | ၉၅၀၀ | ၈၀၀၀ | ၈၀၀၀ | ၁၂၀၀၀ |
| ကြက်(ဒေသ) | ။ | ၁၃၅၀၀ | ၁၅၀၀၀ | ၁၂၀၀၀ | ၂၀၀၀၀ |
| ဘဲ | ။ | ၁၃၀၀၀ | ၉၀၀၀ | ၇၀၀၀ | ၁၂၀၀၀ |
| ဝက် | ။ | ၁၂၀၀၀ | ၁၂၀၀၀ | ၁၄၀၀၀ | ၂၀၀၀၀ |
| အမဲ | ။ | ၁၃၀၀၀ | ၁၅၀၀၀ | ၁၄၅၀၀ | ၂၂၀၀၀ |
| ဆိတ် | ။ | ၁၅၀၀၀ | ၂၈၀၀၀ | ၂၀၀၀၀ | ၂၂၀၀၀ |
| **ဥအမျိုးမျိုး** | | | | | |
| ကြက်ဥ | လုံး | ၁၅၀ | ၁၅၀ | ၁၄၀ | ၂၀၀ |
| ဘဲဥ | ။ | ၁၈၀ | ၂၅၀ | ၂၀၀ | ၂၀၀ |
| ငုံးဥ | ။ | ၃၀ | ၃၀ | ၃၀ | ၂၀ |

Source: ငါးလုပ်ငန်းဦးစီးဌာနနှင့် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန

# ပြည်တွင်း ပြည်ပ လယ်ယာသတင်းများ

## ပြည်တွင်းသတင်းများ

### သင်္ကြန်လွန်ကာလတွင် ရော်ဘာနေလှန်းပြားများ ဈေးကွက်တည်ငြိမ်လျက်ရှိ

- ထိုင်းနိုင်ငံမှ အဓိကဝယ်ယူလျက်ရှိသည့် ရော်ဘာနေလှန်းပြားများ၏ဈေးကွက်သည် သင်္ကြန်လွန်ကာလတွင် ဆက်လက်တည်ငြိမ်နေမည်ဟု ဈေးကွက်လေ့လာသူများမှ သုံးသပ်ထားကြကြောင်း၊
- မွန်နှင့် ကရင်ပြည်နယ်တို့မှ ထွက်ရှိသည့် ရော်ဘာဈေးကွက်သည် ထိုင်းနိုင်ငံ၏ ဝယ်လိုအား ခိုင်မာမှုကြောင့် အစောပိုင်းကာလတွင် ဈေးကွက်မှာ အရောင်းအဝယ်သွက်လျက်ရှိခဲ့သော်လည်း သင်္ကြန်အားလပ်ရက်များအတွင်း အရောင်းအဝယ် ခေတ္တရပ်နားထားခဲ့ရပြီး သင်္ကြန်လွန်ကာလတွင်လည်း ဈေးကွက်သည် နေးကွေးသွားဖွယ်ရှိကြောင်း၊
- ရော်ဘာလုပ်ငန်းရှင်များ၏ ပြောကြားချက်အရ သင်္ကြန်လွန်ကာလတွင် ထိုင်းနိုင်ငံမှ ယခင်ကဲ့သို့ ဈေးကောင်းပေးမည်မှာ မသေချာကြောင်း၊ (၂၀၂၂)ခုနှစ် ဖေဖော်ဝါရီလဆန်းပိုင်းတွင် မဲဆောက်-မြဝတီ ကုန်သွယ်ရေးလမ်းကြောင်းမှ ဝယ်လက်များကြောင့် ရော်ဘာနေလှန်းပြားတစ်ပေါင်လျှင် ငွေကျပ်(၁,၂၃၀)အထိရရှိခဲ့ကြောင်း၊
- မတ်လအစောပိုင်းတွင် ဈေးနှုန်းမြင့်တက်ခဲ့ပြီး တစ်ပေါင်လျှင် ကျပ်(၁,၃၂၀)မှ ကျပ်(၁,၄၀၀)အထိ မြင့်တက်ခဲ့ကြောင်း၊ ထိုင်းနိုင်ငံဈေးကွက်တွင် ရော်ဘာဈေးအတော်အတန် မြင့်တက်နေပြီး မြန်မာ့ရော်ဘာဝယ်လိုအားမှာလည်း မြင့်တက်လျက်ရှိကြောင်း၊
- ထိုင်းနိုင်ငံ၏ ပြည်နယ်အချို့တွင် မတ်လတတိယပတ်အတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရော်ဘာအထွက်နှုန်းထိခိုက်ခဲ့ပြီး ဈေးနှုန်းများ မြင့်တက်လာခြင်းဖြစ်ကြောင်း၊ ထိုင်းနိုင်ငံတွင် အထွက်နှုန်းကျဆင်းမှုကြောင့် ရော်ဘာလိုအပ်ချက်များ မြင့်တက်လာခြင်းဖြစ်ကြောင်း၊
- မည်သို့ပင်ဆိုစေကာမူ ထိုင်းနိုင်ငံသည် ကုန်ကြမ်းရှားပါးမှုအပေါ်မူတည်၍ မြန်မာ့ရော်ဘာကို ဝယ်ယူမည်ဖြစ်ကြောင်း၊ ထို့ကြောင့် သင်္ကြန်လွန်ကာလတွင် ဈေးကွက်အခြေအနေနှင့် ထိုင်းနိုင်ငံ၏ ကုန်ကြမ်းလိုအပ်ချက်များကို အနီးကပ်စောင့်ကြည့်ရမည်ဖြစ်ကြောင်း နောက်ပိုင်းတွင် ဈေးနှုန်းအတက်အကျဖြစ်နိုင်ခြေရှိကြောင်းကို ကုန်သည်များမှ ခန့်မှန်းထားကြောင်း (၁၄.၄.၂၀၂၂)ရက်နေ့တွင် ထုတ်ပြန်ခဲ့သော The Global New Light of Myanmar၏ သတင်းဆောင်းပါးအရ သိရှိရပါသည်။

**ဒေါ်ဧကရီဝင်း၊ စိုက်ပျိုးရေးဦးစီးဌာန**

Source: https://www.gnlm.com.mm/market-of-sun-dried-rubber-sheets-likely-to-remain-inactive-in-post-thingyan-period/

### လွန်ခဲ့သည့် mini-budget ကာလအတွင်း မြန်မာနိုင်ငံမှ ပဲမျိုးစုံတန်ချိန်(၁)သန်းကျော် တင်ပို့ခဲ့ခြင်း

- စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ထုတ်ပြန်သည့် စာရင်းဇယားများအရ မြန်မာနိုင်ငံသည် လွန်ခဲ့သည့်ခြောက်လတာ ဘတ်ဂျက်ကာလ (၂၀၂၁ ခုနှစ်၊ အောက်တိုဘာမှ ၂၀၂၂ခုနှစ်၊ မတ်လ)အတွင်း ကန်ဒေါ်လာ (၈၃၀.၆)သန်းတန်ဖိုးရှိ ပဲမျိုးစုံတန်ချိန်ပေါင်း (၁.၀၉)သန်းကျော်ကို နိုင်ငံခြား ကုန်သွယ်မှုမိတ်ဖက်များသို့ ပေးပို့ခဲ့ကြောင်း၊
- မြန်မာနိုင်ငံသည် (၂၀၂၁)ခုနှစ်၊ အောက်တိုဘာလ(၁)ရက်နေ့မှ (၂၀၂၂)ခုနှစ်၊ မတ်လ (၃၁)ရက်နေ့အတွင်း ပင်လယ်ရေကြောင်းလမ်းမှ ကန်ဒေါ်လာ(၇၈၀)သန်းတန်ဖိုးရှိ ပဲမျိုးစုံ တန်ချိန်ပေါင်း(၁.၀၈)သန်းနှင့် ကန်ဒေါ်လာ (၅၀.၄၆)သန်းတန်ဖိုးရှိ တန်ချိန်ပေါင်း (၆၁,၈၉၅)တန်ကို နယ်စပ်မှတစ်ဆင့် အိမ်နီးချင်းနိုင်ငံများသို့ တင်ပို့ခဲ့ကြောင်း၊
- အိန္ဒိယနိုင်ငံသည် မြန်မာနိုင်ငံရှိ ပဲမျိုးစုံ အထူးသဖြင့် မတ်ပဲ၊ ပဲတီစိမ်းနှင့် ပဲစဉ်းငုံတို့ကို အများဆုံး ဝယ်ယူသည့်နိုင်ငံဖြစ်ပြီး မြန်မာနိုင်ငံမှ ပဲများကို အိန္ဒိယနိုင်ငံအပြင် ဘင်္ဂလားဒေ့ရှ်၊ ပါကစ္စတန်၊ နီပေါ၊ UAE၊ မလေးရှား၊ အင်ဒိုနီးရှား၊ တရုတ် (ထိုင်ဝမ်)၊ ဂျပန်နှင့် ဥရောပနိုင်ငံများမှ ဝယ်ယူလျက်ရှိကြောင်း၊ သို့သော် ပြည်တွင်းပဲဈေးကွက်အရ ၎င်းနိုင်ငံများ၏ ဝယ်လိုအားနည်းပါးလျက်ရှိကြောင်း၊
- အိန္ဒိယနိုင်ငံတွင် မတ်ပဲ(အိန္ဒိယအခေါ်အဝေါ် urad)နှင့် ပဲစဉ်းငုံကုန်စည်ပေးပို့ခြင်းဆိုင်ရာ ဖြေလျှော့ပေးမှုများကို (၂၀၂၃)ခုနှစ် မတ်လ(၃၁)ရက်နေ့အထိ သက်တမ်းတိုးခဲ့ကြောင်း၊
- မူဝါဒများပြောင်းလဲပြီးနောက် သင်္ကြန်အကြိုကာလအတွင်း ဈေးနှုန်းများ ကျဆင်းခဲ့ကြောင်း၊ လက်ရှိဧပြီလ လယ်ကာလတွင် ဝယ်လိုအား ပိုမိုအားကောင်းလာကာ မတ်ပဲ တစ်တန်လျှင် ကျပ်(၁,၄၅၀,၀၀၀)မှ ကျပ်(၁,၅၁၀,၀၀၀)နှင့် ပဲစဉ်းငုံတစ်တန်လျှင် ငွေကျပ်(၁,၃၇၀,၀၀၀)မှ ကျပ် (၁,၄၁၀,၀၀၀)အထိ ဈေးနှုန်းပြန်လည်မြင့်တက်လာခဲ့ကြောင်း၊
- ပဲဈေးနှုန်းများသည် ငွေလဲလှယ်နှုန်းနှင့် တိုက်ရိုက်ဆက်စပ်လျက်ရှိပြီး ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလတွင် ပြည် တွင်းငွေလဲလှယ်ဈေးကွက်တွင် မြန်မာကျပ်ငွေတန်ဖိုး ကျဆင်းမှုကြောင့် ပဲဈေးနှုန်းအဆမတန်မြင့်မားခဲ့ ကြောင်း၊ ပြည်တွင်းငွေလဲလှယ်ဈေးကွက်တွင် ကျပ်ငွေ ဈေးနှုန်းကျဆင်းသွားပြီးနောက် ၂၀၂၁ ခုနှစ်၊ စက် တင်ဘာလ(၂၉)ရက်နေ့တွင် မတ်ပဲတစ်တန် လျှင် (၂)သန်းခန့် အမြင့်ဆုံးသို့ ရောက်ရှိခဲ့ကြောင်း၊ ၂၀၂၀-၂၀၂၁ အောက်တိုဘာမှ စက်တင်ဘာလတွင် ပဲမျိုးစုံတန်ချိန် (၂)သန်းကျော်ကို ပြည်ပဈေးကွက်များသို့ တင်ပို့ခဲ့ပြီး ခန့်မှန်းတန်ဖိုးအားဖြင့် ကန်ဒေါ်လာ (၁.၅၇) ဘီလီယံရှိကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ အချက်အလက်များအရ သိရှိရပါကြောင်း၊
- လက်ရှိတွင် နယ်စပ်ကုန်သွယ်မှုကန့်သတ်ချက်များကြောင့် ပဲတီစိမ်းဝယ်လိုအားမှာ သုံးတင်းခွဲတစ်အိတ်လျှင် ကျပ်(၁၂၅,၀၀၀)ခန့်တန်ဖိုးရှိကြောင်း၊ မြန်မာ့စိုက်ပျိုးရေးကဏ္ဍသည် နိုင်ငံ့စီးပွားရေး၏ ကျောရိုးဖြစ်ပြီး ပြည်တွင်းအသားတင် ထုတ်လုပ်မှု၏ (၃၀)ရာခိုင်နှုန်းကျော်ကို ပံ့ပိုးကူညီလျက်ရှိကြောင်း၊
- မြန်မာနိုင်ငံသည် စပါး၊ ပြောင်း၊ ဝါ၊ ကြံ၊ ပဲမျိုးစုံကို အဓိက စိုက်ပျိုးလျက်ရှိပြီး ဒုတိယအများဆုံး ထွက်ရှိမှုသည် ပဲမျိုးစုံဖြစ်ပြီး စိုက်ပျိုးရေးထွက်ကုန်များ၏ (၃၃)ရာခိုင်နှုန်းနှင့် စိုက်ပျိုးဧက၏ (၂၀)ရာခိုင်နှုန်းကို လွှမ်းခြုံထားကြောင်း၊ ၎င်းတို့အနက် ပဲစိုက်ဧရိယာများ၏ (၇၂)ရာခိုင်နှုန်းမှာ မတ်ပဲ၊ ပဲတီစိမ်းနှင့် ပဲစဉ်းငုံဖြစ်ပြီး မြေပဲ၊ ကုလားပဲ၊ ပဲပုပ်၊ ပဲနောက်၊ ထောပတ်ပဲနှင့် ပဲယင်းအပါအဝင် အခြားပဲများကိုလည်း မြန်မာနိုင်ငံတွင် စိုက်ပျိုးလျက်ရှိကြောင်း (၁၄.၄.၂၀၂၂)ရက်တွင် ထုတ်ပြန်ခဲ့သော Global New Light of Myanmar ကွန်ယက်၏ သတင်းဆောင်းပါးအရသိရှိရပါသည်။

**ဒေါ်မြတ်ဖူးငုံဦး၊ စိုက်ပျိုးရေးဦးစီးဌာန**

Source: https://www.gnlm.com.mm/myanmar-ships-over-1-mln-tonnes-of-various-pulses-in-past-mini-budget-period/

### မြန်မာနိုင်ငံ၏ အရည်အသွေးကောင်းမွန်သော မြေပဲများကို တရုတ်နိုင်ငံမှ ဈေးကောင်းပေး၍ ဝယ်ယူလျက်ရှိခြင်း

- ပြည်တွင်းဈေးကွက်တွင် ရောင်းချမှုနည်းပါးပြီး ပြည်ပမှ တင်သွင်းလျက်ရှိသည့် စားသုံးဆီဈေးနှုန်းများ မြင့်တက်မှုကြောင့် မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ တင်ပို့သည့် အရည်အသွေးမီ မြေပဲဈေးနှုန်းများမှာ တစ်ပိဿာလျှင် ငွေကျပ် ၃၈၀၀ အထိ (တစ်ပိဿာလျှင် ၁ ဒသမ ၆ ကီလိုဂရမ်နှင့် ညီမျှ) မြင့်မားခဲ့ကြောင်း၊
- မန္တလေးလက်ကားဈေးကွက်အတွင်း မြေပဲဈေးသည် ပြည်တွင်းနှင့် ပြည်ပဝယ်လိုအား အားကောင်းလာပြီးနောက် ဆက်လက်မြင့်တက်လျက်ရှိကြောင်း၊ ပြည်ပမှ တင်သွင်းသည့် စားအုန်းဆီဈေးနှုန်းမြင့်တက်မှုနှင့် အမေရိကန်ဒေါ်လာနှင့်ယှဉ်လျှင် မြန်မာကျပ်ငွေတန်ဖိုးကျဆင်းမှုကြောင့် မြေပဲဆီဈေးမှာ တစ်ပိဿာလျှင် ငွေကျပ် ၈,၅၀၀ ကျော်အထိ မြင့်တက်ခဲ့ပြီး ပြည်တွင်းဈေးကွက်တွင် နှမ်းဆီတစ်ပိဿာလျှင် ငွေကျပ် ၈,၀၀၀ အထိရှိခဲ့ကြောင်း၊ ပြည်ပမှတင်သွင်းသည့် စားသုံးဆီဈေးနှုန်းများ မြင့်တက်ခြင်းနှင့် ကျန်းမာရေး အကျိုးကျေးဇူးများကြောင့် စားသုံးသူများ၏ အမူအကျင့်များပြောင်းလဲလာပြီးနောက် မြေပဲဆီကို ပြောင်းလဲဝယ်ယူလာကြကြောင်း၊
- မြန်မာနိုင်ငံမှ မြေပဲများကို တရုတ်နိုင်ငံသို့ အများဆုံးတင်ပို့လျက်ရှိပြီး လွန်ခဲ့သည့် ၆ လ ဘဏ္ဍာရေးနှစ် (၂၀၂၁ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့မှ ၂၀၂၂ ခုနှစ် မတ်လ ၃၁ ရက်နေ့)အတွင်း ပြင်ပဈေးကွက်သို့ မြေပဲတန်ချိန် (၅၄၄၆၇)တန်ကျော် တန်ဖိုးအားဖြင့် ကန်ဒေါ်လာ သန်း(၅၀)ခန့် တင်ပို့ခဲ့ကြောင်း အကောက်

ခွန်ဦးစီးဌာန၏ စာရင်းဇယားများအရ သိရှိရပါကြောင်း၊ လွန်ခဲ့သော (၂၀၂၀-၂၁) ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ (၁၉၀.၇)သန်း တန်ဖိုးရှိသော မြေပဲတန်ချိန် (၁၆၀,၇၇၆)ကျော်ကို မြန်မာနိုင်ငံမှ တင်ပို့ခဲ့ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရှိရပါကြောင်း၊

- ပြည်တွင်းစားသုံးဆီ စားသုံးမှုမှာ တစ်နှစ်လျှင် တန်ချိန် (၁)သန်းခန့် ရှိကြောင်း၊ ပြည်တွင်း စားသုံးဆီ ထုတ်လုပ်မှုမှာ တန်ချိန်လေးသိန်းခန့်သာရှိပြီး မြန်မာနိုင်ငံသည် ပြည်တွင်းဈေးကွက်တွင် စားသုံးဆီဖူလုံစေရန်အတွက် နှစ်စဉ် စားသုံးဆီတန်ချိန် (၇)သိန်းခန့် တင်သွင်းလျက်ရှိကြောင်း၊ စိုက်ပျိုးရေးဦးစီးဌာနသည် နှမ်း၊ နေကြာ၊ ပဲပုပ်နှင့် မြေပဲ စသည့် စားသုံးဆီ သီးနှံများ၏ စိုက်ပျိုးဧကများကို တိုးချဲ့စိုက်ပျိုးရန် ဆောင်ရွက်လျက်ရှိကြောင်း (၂၃.၄.၂၀၂၂)တွင် ထုတ်ပြန်ခဲ့သော The Global New Light of Myanmar ကွန်ယက်၏ သတင်းဆောင်းပါးအရ သိရှိရပါသည်။

**ဒေါ်ကေရီဝင်း၊ စိုက်ပျိုးရေးဦးစီးဌာန**

Source: https://www.gnlm.com.mm/china-makes-high-offer-for-myanmar-quality-peanut/#article-title

## သရက်စိုက်ပျိုးထုတ်လုပ်သူများသည် ပြည်တွင်းဈေးကွက်ကိုသာ စိတ်ဝင်စားနေသည့်အတွက် ပြည်ပတင်ပို့မှုဈေးကွက်တွင် အဟန့်အတားဖြင့် ရင်ဆိုင်နေရခြင်း

- ➢ မြန်မာ့သရက်တင်ပို့သူကုန်သည်ကြီးများသည် တရုတ်နိုင်ငံသို့ သရက်တင်ပို့ရန် စိန်ခေါ်မှုနှင့် ရင်ဆိုင်နေရကြောင်း၊ ပြည်တွင်းသရက်စိုက်ပျိုးသူများသည် ၎င်းတို့၏ သရက်သီးများကို ပြည်တွင်းဈေးကွက်၌ပင် ဖြန့်ဖြူးရန် စိတ်အားထက်သန်နေကြောင်း ခွာညို သစ်သီးပွဲရုံမှ ဦးစိုင်းခင်မောင်၏ ပြောကြားချက်အရ သိရှိရကြောင်း၊
- ➢ ကိုဗစ်-၁၉ ကာလအတွင်း Standard Operation Procedure (SOP) စနစ်အောက်တွင် ရှိသော အကောက်ခွန်မူဝါဒ ပြောင်းလဲသတ်မှတ်ခြင်းကြောင့် ဖရဲသီးတင်ပို့မှုကို အဟန့်အတား ဖြစ်စေသကဲ့သို့ သယ်ယူပို့ဆောင်ရေးနှောင့်နှေးမှုရှိခဲ့ကြောင်း၊ ယာဉ်မောင်းအစားထိုးခြင်းနှင့် ခရီးတိုသယ်ယူပို့ဆောင်ရေးစနစ်များသည် အဓိကအဟန့်အတားဖြစ်ခဲ့ကြောင်း၊
- ➢ ထို့အပြင် သရက်တင်ပို့မှုအတွက် Green Channel နှင့် ပက်သတ်၍ တရုတ်နိုင်ငံနှင့် ညှိနှိုင်းဆွေးနွေးမှုမှာ ဆက်လက်ဆောင်ရွက်နေဆဲဖြစ်ကြောင်း၊ ကန့်သတ်မှုများကြောင့် တရုတ်နိုင်ငံ၏ သစ်သီးခြံများတွင် သရက်သီးများထားရှိရန် နေရာများမရှိကြောင်း၊ ပို့ကုန်သယ်ပို့မှုသည် ပိုမိုမြန်ဆန်လာသော်လည်း ဈေးကွက်ထဲတွင် သီးနှံများကို တစ်ပတ်အတွင်းထားရှိရန် ခက်ခဲကြောင်း၊ ပြည်ပတင်ပို့ရာတွင် အခက်အခဲများစွာ ရှိနေခြင်းကြောင့် စိုက်ပျိုးထုတ်လုပ်သူများသည် ပြည်တွင်း ဈေးကွက်ကိုသာ အာရုံစိုက်နေကြကြောင်း၊
- ➢ သို့သော်လည်း တရုတ်နိုင်ငံသို့ အဓိကတင်ပို့လျက်ရှိသည့် စိန်တလုံးသရက်မျိုးများ ရင့်မှည့်ချိန်သည် အတန်အသင့်နောက်ကျနေပြီးဈေးကွက်တွင်လည်း သရက်သီးတင်ပို့သူများမရှိသေးကြောင်း၊ တရုတ်နိုင်ငံသို့ သရက်သီးတင်ပို့ရာတွင် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ (GAP) လိုအပ်လျက်ရှိကြောင်း၊ ထို့အပြင် စိုက်ပျိုးသူများနှင့် လုပ်သားများသည် ကိုဗစ်-၁၉ ကာကွယ်ရေး အစီအမံများဖြစ်သော လက်ဆေးခြင်း၊ ပါးစပ်နှင့် နှာခေါင်းစည်းတပ်ဆင်ခြင်းနှင့် လက်အိတ်များဝတ်ဆင်ခြင်း၊ သစ်သီးထုပ်ပိုးမှုလုပ်ငန်းစဉ်တွင် ပိုးသန့်စင်ခြင်း လုပ်ငန်းများဆောင်ရွက်ရန် တင်းကြပ်စွာ စီမံထားရှိကြောင်း ခွာညိုသစ်သီးပွဲရုံ၏ ပြောကြားချက်အရသိရှိရပါကြောင်း၊
- ➢ တရုတ်နိုင်ငံ၏ တင်းကြပ်သော ဗိုင်းရပ်ကာကွယ်ရေးမူဝါဒအရ ဖရဲသီးနှင့် သခွားမွှေးသီး တင်ပို့မှုများ ပယ်ဖျက်ခြင်းခံခဲ့ရသောကြောင့် သီးနှံများတင်ပို့မှုတွင် ကိုဗစ်-၁၉ ကာကွယ်ရေး အစီအမံများသည် အဓိက အရေးကြီးသော အခန်းကဏ္ဍဖြစ်ပါကြောင်း၊
- ➢ တရုတ်နိုင်ငံ၏ အကောက်ခွန်စည်းမျဉ်းများနှင့် မစစ်ဆေးခင် မြန်မာနိုင်ငံနယ်စပ် ရွှေဝိန်းဂိတ်တွင် ကိုဗစ်ဗိုင်းရပ်စ်စစ်ဆေးမှုများ ပြုလုပ်ရပါကြောင်း၊ အကယ်၍ တရုတ် နိုင်ငံဘက်ခြမ်းသို့ ရောက်ရှိပြီး ကုန်ပစ္စည်းပေါ်၌ ဗိုင်းရပ် ပိုးတွေ့ပါက သရက်သီးတန်ချိန် (၂၀ မှ ၂၈) အထိ ဆုံးရှုံးသွားမည်ဖြစ်ကြောင်း၊ သရက်ခြင်းတစ်ခြင်းတည်းတွင် ဗိုင်းရပ်စ်ပိုးတွေ့ရှိခဲ့ပါက အဆိုပါ သရက်ခြင်းတင်လာသော ကုန်တင်ကားရှိ ကုန်စည်အားလုံးကို လက်ခံမည်မဟုတ်ကြောင်း၊ စွန့်စားလိုစိတ်ရှိသူများသာ တရုတ်နိုင်ငံသို့ သရက်သီးတင်ပို့ရန် ကြိုးစားကြမည်ဖြစ်ပါကြောင်း၊ သို့သော်လည်း နှောင့်နှေးကြန့်ကြာမှုများကြောင့် သီးနှံအရည်အသွေးကို အာမ မခံနိုင်ပါကြောင်း၊ ကပ်ရောဂါကာလအတွင်း မြန်မာနိုင်ငံဘက်မှ ဖြေလျော့မှုများပေးနေသော်လည်း တရုတ်နိုင်ငံဘက်တွင် ဗိုင်းရပ်စ်ကာကွယ်ရေးမူဝါဒကို ဖြေလျော့ပေးခြင်းမရှိသေးကြောင်း၊
- ➢ ယခင်နှစ်တွင် စိန်တလုံးဈေးနှုန်းသည် ၁၆ ကီလိုဂရမ်ခြင်း တစ်တောင်းလျှင် ၁၀၀ ယွမ်သာရှိခဲ့ကြောင်း မြန်မာနိုင်ငံသရက်ဈေးကွက်နှင့် နည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးအသင်း၏ အတွင်းရေးမှူး ဦးကျော်စိုးနိုင်မှ ပြောကြားခဲ့ကြောင်း၊ နယ်စပ်စခန်းများပိတ်ထားခြင်းနှင့် ရောဂါစစ်ဆေးမှု အချိန်ကြာရှည်ခြင်းတို့ကြောင့် စိန်တလုံးသရက်သီးတင်ပို့မှုမှာ ယခင်နှစ်နှင့် နှိုင်းယှဉ်ပါက ထက်ဝက်ခန့်ကျဆင်းသွားခဲ့ကြောင်း၊
- ➢ မြန်မာနိုင်ငံတွင် မူလသရက်မျိုးကွဲပေါင်း ၂၀၀ ခန့်ရှိပြီး စိန်တလုံး၊ ရွှေဟင်္သာ၊ ပတ္တမြား ငမောက်၊ ရင်ကွဲနှင့် မချစ်စုသရက်မျိုးတို့မှာ အစိုက်အများဆုံးမျိုးများဖြစ်ကြောင်း၊ ပြည်ပဈေးကွက်တွင်မူ စိန်တလုံးမျိုးကို ပိုမိုကြိုက်နှစ်သက်ကြကြောင်း၊
- ➢ ရောဝတီတိုင်းသည် သရက်စိုက်ပျိုးမြေဧကအများဆုံးဖြစ်ပြီး (၄၆,၀၀၀)ဧကခန့်ရှိပြီး ပဲခူးတိုင်းသည် ဒုတိယအများဆုံး သရက်သီးစိုက်ပျိုးထုတ်လုပ်သော ဒေသဖြစ်ပြီး စိုက်ဧက (၄၃,၀၀၀)ဧကရှိကြောင်း၊ မန္တလေးတိုင်းတွင် သရက်စိုက်ပျိုးမြေ (၂၉,၀၀၀) ဧက၊ ကရင်ပြည်နယ်တွင် သရက်စိုက်ပျိုးမြေ (၂၄,၀၀၀) ဧက၊ ရှမ်းပြည်နယ်တွင် (၂၀,၄၀၀)ဧကနှင့် စစ်ကိုင်းတွင် (၂၀,၀၀၀) ဧကအသီးသီးရှိကြောင်း မြန်မာနိုင်ငံသရက်ဈေးကွက်နှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအသင်း၏ ပြောကြားချက်အရ သိရှိရပါကြောင်း (၁၉.၄.၂၀၂၂)ရက်နေ့တွင် ထုတ်ဝေခဲ့သော Global New Light of Myanmar ကွန်ယက်၏ သတင်းဆောင်းပါးအရ သိရှိရပါသည်။

**ဒေါ်မြတ်ဖူးငုံဦး၊ စိုက်ပျိုးရေးဦးစီးဌာန**

Source: https://www.gnlm.com.mm/mangos-export-market-faces-hindrance-growers-keen-on-domestic-market-only/

# ပြည်ပသတင်းများ

## အိန္ဒိယနိုင်ငံသည် ဝါဈေးနှုန်းတည်ငြိမ်စေရန်အတွက် အကောက်ခွန်ကင်းလွတ်တင်သွင်းခွင့်ကို စက်တင်ဘာလအထိခွင့်ပြုထားခြင်း

- ○ အိန္ဒိယနိုင်ငံသည် ထုတ်လုပ်မှုကျဆင်းလာခြင်းကြောင့် ပြည်တွင်းဈေးကွက်တွင် ဈေးနှုန်းများ စံချိန်တင်မြင့်တက်လာသဖြင့် ဝါအကောက်ခွန်လွတ် တင်သွင်းခွင့်ကို စက်တင်ဘာလ(၃၀)ရက်နေ့အထိ ခွင့်ပြုခဲ့ကြောင်း၊
- ○ အိန္ဒိယနိုင်ငံ၏ဝါအသင်းအဖွဲ့ Cotton Association of India (CIA) ဥက္ကဋ္ဌ Atul Ganatra ၏ ပြောကြားချက်အရ ဝါတင်သွင်းမှုအပေါ် စုစုပေါင်းတင်သွင်းခွန်သည် အစောပိုင်းကာလတွင် (၁၁)ရာခိုင်နှုန်း ရှိကြောင်း၊
- ○ အကောက်ခွန်လွတ် တင်သွင်းမှုများသည် (၂၀၂၁/၂၂) ဈေးကွက်နှစ်တွင် ချည်ထည်ပေါင်း (၂.၅)သန်း ဘေလ်ခန့် တင်သွင်းနိုင်သည့် အထည်ချုပ်စက်ရုံများကို အထောက်အကူ ဖြစ်စေနိုင်ကြောင်း၊ (၁ ဘေလ်=၁၇၀ ကီလိုဂရမ်)
- ○ အိန္ဒိယစက်ရုံများသည် ဝါများကို ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချနေသော ဩစတေးလျ၊ ဘရာဇီး၊ အာဖရိက နိုင်ငံများနှင့် အမေရိကန်နိုင်ငံများမှ တင်သွင်းနိုင်မည် ဖြစ်ကြောင်း၊
- ○ အိန္ဒိယနိုင်ငံ၏ ချည်အထွက်နှုန်းသည် ယခင်နှစ် (၃၅.၃) သန်းမှ ယခုနှစ်တွင် (၃၃.၅၁) သန်းထိ ကျဆင်းနိုင်ဖွယ်ရှိသည်ဟု CIA မှ ခန့်မှန်းကြောင်း (၁၃.၄.၂၀၂၂) ရက်နေ့တွင် ထုတ်ပြန်ခဲ့သော Reuters ကွန်ယက်၏ သတင်းဆောင်းပါးအရ သိရှိရပါသည်။

**ဒေါ်ဟေမာန်အောင်မင်း၊ စိုက်ပျိုးရေးဦးစီးဌာန**

Source: https://www.reuters.com/business/india-allows-duty-free-imports-cotton-until-sept-cool-prices-2022-04-13/

## ဒေါ်လာဈေးမြင့်တက်ပြီး အမေရိကန် ရောင်းလိုအား မြင့်တက်လာခြင်းတို့ကြောင့် ကော်ဖီဈေးနှုန်းများ ကျဆင်းလျက်ရှိခြင်း

- အာရေဗီးကား ကော်ဖီ (KCK22) သည် (၁၉.၄.၂၀၂၂) ရက်နေ့တွင် ၃.၅၀ အောက် (-၁.၅၇%) ကျဆင်းသွားပြီး ICE ရိုဘတ်စတာ ကော်ဖီ (RMK22) သည် ၃၃အောက် (-၁.၅၈%)ကျဆင်းသွားကြောင်း၊ အာရေဗီးကား ကော်ဖီသည် ၂-၁/၂ ရက်သတ္တပတ်အတွင်း၊ ရိုဘက်စတာ ကော်ဖီသည် ရက်သတ္တပတ် (၆)ပတ်အတွင်း ဈေးနိမ့်ကျလျက်ရှိခြင်းကြောင့် ယနေ့မနက် ကော်ဖီဈေးနှုန်းများသည် အတော်အသင့် နိမ့်ကျလျက်ရှိပါကြောင်း၊
- ယနေ့တွင် ဒေါ်လာဈေးညွှန်းကိန်း(၂)နှစ်အတွင်း အမြင့်ဆုံးသို့မြင့်တက်ခဲ့မှုကြောင့်ကော်ဖီအပါအဝင်ကုန်ပစ္စည်းအများစု၏ ဈေးနှုန်းသည် ကျဆင်းလျက်ရှိကြောင်း၊
- အမေရိကန်မှ မတ်လအတွင်း ကော်ဖီစိမ်း သိုလှောင်မှုပမာဏသည် အိတ်ပေါင်း (၅.၈၂)သန်းအထိ မြင့်တက်ခဲ့ကြောင်း၊ အမေရိကန်ကော်ဖီစိမ်းအဖွဲ့အစည်းမှ အစီရင်ခံတင်ပြပြီးနောက် အမေရိကန်ကော်ဖီစိမ်း ရောင်းလိုအား တိုးလာခြင်းသည် ကော်ဖီဈေးနှုန်းကို ကျဆင်းစေကြောင်း၊
- ယူကရိန်းကို ရုရှားကျူးကျော်မှုသည် ပိုမိုမြင့်မားသော ငွေကြေးဖောင်းပွမှု ဖြစ်ပေါ်စေပြီး စားသုံးသူများ အနေဖြင့် အသုံးစရိတ်ထိန်းချုပ်လာပြီး စားသောက်ဆိုင်များနှင့် ကော်ဖီဆိုင်များသို့ သွားရောက်စားသောက်မှုကိုကန့်သတ်လိုက်ခြင်းတို့ကြောင့် ကော်ဖီသောက်သုံးမှု လျော့ချစေခဲ့ကြောင်း၊
- ဗီယက်နမ်၏ ဇန်နဝါရီမှ မတ်လထိ ကော်ဖီတင်ပို့မှုသည် တစ်နှစ်ထက်တစ်နှစ် ၁၉.၄% တိုးတက်၍ တန်ချိန် (၅၄၁,၀၀၀)တန်တိုးလာကြောင်း ဗီယက်နမ် အထွေထွေစာရင်းအင်းရုံးမှ မတ်လ(၂၈)ရက်နေ့တွင် အစီရင်ခံတင်ပြခဲ့ပြီး ဗီယက်နမ်မှ ရောင်းလိုအားတိုးမြင့်လာခြင်းသည် ရိုဘတ်စတာကော်ဖီဈေးနှုန်းများကို ကျဆင်းစေခဲ့ပါကြောင်း၊
- ကမ္ဘာ့ရောင်းလိုအားပိုမိုတင်းကြပ်လာမှုနှင့် ပတ်သက်၍ စိုးရိမ်မှုများသည် ကော်ဖီဈေးနှုန်းများကို ထိန်းညှိပေးကြောင်း၊ ဘရာဇီးလ်၏ Mar green ကော်ဖီတင်ပို့မှုမှာ ယခင်နှစ်ထက် ၅.၈% ခန့် ကျဆင်းလျက်ရှိကာ လွန်ခဲ့သည့် တနင်္လာနေ့တွင် ၃.၂၆၇ သန်းအိတ်သို့ ကျဆင်းသွားကြောင်း ဘရာဇီးကော်ဖီတင်ပို့မှုကောင်စီ CeCafe မှ ဖော်ပြခဲ့ကြောင်း၊
- ကမ္ဘာ့ဒုတိယအများဆုံး အာရေဗီးကားထုတ်လုပ်သည့် ကိုလံဘီယာနိုင်ငံသည်လည်း ၎င်း၏ မတ်လကော်ဖီ ထုတ်လုပ်မှုသည် ယခင်နှစ်ထက် ၁၃ ရာခိုင်နှုန်းခန့်ကျဆင်းပြီး တစ်နှစ်လျှင် အိတ် ၉၁၄,၀၀၀ ကျဆင်းသွားခဲ့ကြောင်း ဧပြီ ၅ ရက်နေ့တွင် သတင်း ထုတ်ပြန်ခဲ့ပါကြောင်း၊
- ထို့အပြင် အပြည်ပြည်ဆိုင်ရာကော်ဖီအဖွဲ့အစည်း (ICO) မှ မတ်လ ၃၁ ရက်နေ့တွင် ကမ္ဘာ့ကော်ဖီတင်ပို့မှုသည် အောက်တိုဘာလမှ ဖေဖော်ဝါရီလအတွင်း -၀.၈% ကျဆင်းကာ အိတ်သန်းပေါင်း ၅၃.၂ ထိ ကျဆင်းခဲ့ကြောင်း၊
- ရာသီဥတုဆိုးရွားမှုနှင့် ရောင်းလိုအားကွင်းဆက် ပြတ်တောက်မှုများကြောင့် ကမ္ဘာ့ရောင်းလိုအား ကျဆင်းမှုများသည် အာရေးဗီးကား ကော်ဖီဈေးနှုန်းများကို အတက်အကျ ဖြစ်စေကြောင်း၊
- မိုးခေါင်မှုနှင့် မကြာသေးမီက နှင်းခဲဖြစ်ရပ်များသည် ဘရာဇီး၏ ကော်ဖီသီးနှံများကို ပျက်စီးစေခဲ့ပြီး လာမည့် ၂ နှစ်အတွင်း တိုးတက်လာမည့် နိုင်ငံ၏ ကော်ဖီသီးနှံ ထုတ်လုပ်မှုအလားအလာကို အဟန့်အတားဖြစ်စေခဲ့ကြောင်း၊
- ဘရာဇီးလ်၏ ၂၀၂၁ ခုနှစ်၊ အာရေးဗီကား ကော်ဖီထုတ်လုပ်မှုသည် အိတ်ပေါင်း ၃၁.၄ သန်းအထိ ကျဆင်းသွားကြောင်း၊ ၂၀၂၀ခုနှစ်တွင် ၃၆ % ကျဆင်းသွားပြီး အိတ်ပေါင်း ၄၈.၈ သန်းအထိ ကျဆင်းသွားကြောင်း Conab မှ ဒီဇင်ဘာလ ၁၆ ရက်နေ့တွင် ဖော်ပြခဲ့ကြောင်း၊
- ကုန်စည်ပို့ဆောင်ခမြင့်မားမှုနှင့် သင်္ဘောကွန်တိန်နာများ အကန့်အသတ်ဖြင့် ရရှိနိုင်မှုတို့ကြောင့် ကမ္ဘာ့ထိပ်တန်း ကော်ဖီစေ့ထုတ်လုပ်သည့် ဗီယက်နမ်မှ ကော်ဖီတင်ပို့မှု လျော့ကျသွားခဲ့ကြောင်း(၁၉.၄.၂၀၂၂) တွင် ထုတ်ပြန်ခဲ့သော https://www.barchart.com/ ကွန်ယက်၏ သတင်းအချက်အလက်များအရ သိရှိရပါသည်။

**ဒေါ်စိုးစန္ဒာအောင်၊ စိုက်ပျိုးရေးဦးစီးဌာန**

Source: https://www.barchart.com/story/news/7999974/coffee-prices-fall-on-dollar-strength-and-increased-u-s-supplies

## ထိုင်းနိုင်ငံသည် တရုတ်-လာအို မီးရထားလမ်းမှတဆင့် စိုက်ပျိုးရေးထွက်ကုန် ပိုမိုတင်ပို့နိုင်ရန် မျှော်မှန်းထားခြင်း

- တရုတ်-လာအို မီးရထားလမ်းသည် တရုတ်နှင့် အရှေ့တောင်အာရှနိုင်ငံများအကြား ဆက်သွယ်မှုအား တိုးမြှင့်ခဲ့ပြီး ထိုင်းနိုင်ငံသည် အဆိုပါ မီးရထားလမ်းမှတဆင့် တရုတ်နိုင်ငံ သို့ လယ်ယာစိုက်ပျိုးရေးထွက်ကုန်များ ပိုမိုတင်ပို့နိုင်ရန် မျှော်မှန်းထားကြောင်း၊
- ဖေဖော်ဝါရီလတွင် တရုတ်-လာအို မီးရထားလမ်းမှတဆင့် တရုတ်နိုင်ငံသို့ ပထမဆုံး ထိုင်းဆန်တင်ပို့ပြီးနောက်ပိုင်း အဆိုပါမီးရထားလမ်းမှတဆင့် ထိုင်းသစ်သီးဝလံများ နောက်ဆုံး သယ်ယူပို့ဆောင်ခဲ့ပြီး ၎င်းမီးရထားလမ်းသည် ထိုင်းနိုင်ငံ စိုက်ပျိုးရေးထွက်ကုန်များအား အဓိကဈေးကွက်များသို့ တင်ပို့ရာတွင် အဆင်ပြေချောမွေ့စေလိမ့်မည်ဖြစ်ကြောင်း တရုတ် Xinhua သတင်းအေဂျင်စီမှ ထုတ်ပြန်ပြောကြားခဲ့ကြောင်း၊
- ထိုင်းနိုင်ငံ၏ သစ်သီးဝလံများဖြစ်သော ဒူးရင်းတန်ချိန် (၄၀)နှင့် အုန်းသီးတန်ချိန်(၂၀)တို့အား တရုတ်-လာအို မီးရထားလမ်း၏ ဗီယင်ကျန်းတောင်းပိုင်းဘူတာရုံရှိ ရထားပေါ်သို့ တင်ဆောင်ခဲ့ပြီး ဧပြီလ(၁)ရက်နေ့တွင် တရုတ်နိုင်ငံ၊ အနောက်တောင်ပိုင်း ယူနန်ပြည်နယ်နှင့် နယ်နမိတ် ချင်းထိစပ်နေသည့် Luang Namtha ပြည်နယ်ရှိ Nateuy ဘူတာရုံသို့ ရောက်ရှိခဲ့ပြီး Nateuy ဘူတာရုံမှ သစ်သီးဝလံများအား ကုန်တင်ယာဉ်များပေါ်သို့ ပြောင်းရွှေ့ကာ မော်တော်ကားလမ်းဖြင့် တရုတ်နိုင်ငံသို့ ဝင်ရောက်ခဲ့ကြောင်း၊
- ဖေဖော်ဝါရီလတွင် ထိုင်းနိုင်ငံသည် အဆိုပါမီးရထားလမ်းများကို အသုံးပြု၍ ဆန်တန်ချိန်(၅၀၀)အား တရုတ် နိုင်ငံအနောက်တောင်ပိုင်းရှိ Chongqing Municipality သို့ တင်ပို့ခဲ့ကြောင်း၊ တရုတ်နိုင်ငံ အနောက်တောင်ပိုင်းဒေသများနှင့် အရှေ့တောင်အာရှနိုင်ငံများအကြား ကုန်သွယ်ရေး ပူးပေါင်းဆောင်ရွက်မှု တိုးချဲ့ရန် တရုတ်-လာအို မီးရထားလမ်းဂိတ်အသစ်တစ်ခုအား ဖွင့်လှစ်လိုက်ပြီးဖြစ်ကြောင်း ထိုင်းနိုင်ငံ ဆန်တင်ပို့မှုအတွက် တာဝန်ယူထားသော သယ်ယူပို့ဆောင်ရေးကုမ္ပဏီတစ်ခုဖြစ်သည့် Shanghai Minsheng ကုန်စည်ပို့ဆောင်ရေးကုမ္ပဏီ၏ ကိုယ်စားလှယ်အကြီးအကဲဖြစ်သူမှ ပြောကြားခဲ့ကြောင်း၊
- မီးရထားလမ်းသည် ထိုင်းနိုင်ငံမှ တရုတ်နိုင်ငံသို့ ကုန်ပစ္စည်းများ အထူးသဖြင့် စိုက်ပျိုး ရေးထွက်ကုန်များအားတင်ပို့ရာတွင် သယ်ယူပို့ဆောင်ရေးလမ်းကြောင်းသစ်ဖြစ်လာမည်ဖြစ်ပြီး၊ သယ်ယူပို့ဆောင်ရာတွင် အချိန်ကုန်သက်သာစေသောကြောင့် စိုက်ပျိုးရေးထွက်ကုန်များဖြစ်သည့် သစ်သီးဝလံများနှင့် ဟင်းသီးဟင်းရွက်များ၏ လတ်ဆတ်မှုအား တာရှည်ခံစေရန် ထိန်းသိမ်းနိုင်ကြောင်းကို ထိုင်းနိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအောက်ရှိ ကုန်သွယ်မှုညှိနှိုင်းရေးဌာနမှ ညွှန်ကြားရေးမှူးချုပ် Auramon Supthaweethum မှ ပြောကြားခဲ့ကြောင်း၊
- သင့်တော်သောကုန်ကျစရိတ်ဖြင့် သယ်ယူပို့ဆောင်ရေးအချိန်ကိုလျှော့ချရန် မျှော်မှန်းထားသောကြောင့် အဆိုပါ တရုတ်-လာအို မီးရထားလမ်းများသည် ထိုင်းနိုင်ငံ ပို့ကုန်လုပ်ငန်းရှင်များအတွက် ရွေးချယ်ရန် အသစ်တစ်ခုဖြစ်လာမည်ဖြစ်ပြီး ၎င်းသည် စိုက်ပျိုးရေးထွက်ကုန်များသာမက ရော်ဘာ၊ပီလောပီနံကဲ့သို့သော အခြားပို့ကုန်များအားလုံးအတွက်လည်း အကျိုးကျေးဇူးများ ရရှိမည်ဖြစ်ကြောင်း၊
- ထိုင်းနိုင်ငံသည် Mohan မီးရထားလမ်း စစ်ဆေးရေးဂိတ်တွင် အစားအစာဘေးအန္တရာယ်ကင်းရှင်းရေးနှင့် အပင်ကျန်းမာရေးအဆောက်အဦများ ဆောက်လုပ်ပြီးလျှင် ၎င်းရထားလမ်းကြောင်းကိုဖြတ်၍ ကုန်စည်များ ပိုမိုတင်ပို့နိုင်ရန် နှစ်လယ်ပိုင်းထက် နောက်မကျစေဘဲ အဆင်သင့်ဖြစ်ရေး စီစဉ်ထားပြီးဖြစ်ကြောင်း Auramon မှ ပြောကြားခဲ့ကြောင်း၊
- တရုတ်-အာဆီယံ ကုန်သွယ်မှုအများစုသည် ကုန်းလမ်းပို့ဆောင်ရေးထက် ပင်လယ်ရေကြောင်းလမ်း ပို့ဆောင်ရေးကို အဓိကမှီခိုနေရကြောင်း၊ လာမည့်နှစ်များတွင် တရုတ်-လာအို မီးရထားလမ်းနှင့်အတူ ပင်လယ်ရေကြောင်းပို့ဆောင်ရေးမှ ကုန်းလမ်းပို့ဆောင်ရေးသို့ သိသာထင်ရှားစွာ ပြောင်းလဲလာမည်ဟု မျှော်မှန်းထားကြောင်း၊

- အဆိုပါ မီးရထားလမ်းသည် ဥရောပကဲ့သို့သော အခြားနိုင်ငံများသို့ (၁၅-၁၈)ရက်အတွင်း ပေးပို့နိုင်သည့် ပို့ကုန်လမ်းကြောင်းများ တိုးချဲ့ရန် အခွင့်အလမ်းများ ရှိပြီး ၎င်းသည် ရေလမ်းပို့ဆောင်ရေးနှင့်နှိုင်းယှဉ်ပါက ပိုမိုမြန်ဆန်ပြီး ကုန်ကျစရိတ်သက်သာစေနိုင်ကြောင်း၊
- တရုတ်နိုင်ငံသည် ထိုင်းနိုင်ငံ၏ အကြီးဆုံးကုန်သွယ်ဖက်နိုင်ငံအဖြစ် (၉)နှစ်ဆက် တိုက်ရပ်တည်ခဲ့ပြီး၊ ထိုင်းနိုင်ငံစိုက်ပျိုးရေးထွက်ကုန်များ အဓိကတင်ပို့လျှက်ရှိသည့် ဈေးကွက်တစ်ခုဖြစ်ပြီး နှစ်နိုင်ငံကုန်သွယ်မှုပမာဏသည် (၂၀၂၁)ခုနှစ်တွင် အမေရိကန်ဒေါ်လာ (၁၃၁.၁၈) ဘီလီယံအထိရှိခဲ့ပြီး တစ်နှစ်ထက်တစ်နှစ် (၃၃)ရာခိုင်နှုန်း တိုးလာခဲ့ကြောင်း တရုတ်နိုင်ငံ၏ အထွေထွေအကောက်ခွန်စီမံခန့်ခွဲရေး၏ သတင်းအချက်အလက်များအရ သိရှိရပါကြောင်း (၆-၄-၂၀၂၂)ရက်နေ့တွင် ထုတ်ပြန်သော Vietnamplus.com ကွန်ယက်၏ သတင်းအချက်အလက်များအရ သိရှိရပါသည်။

**ဒေါ်နွေးနွေးအောင်၊ စိုက်ပျိုးရေးဦးစီးဌာန**

Source: https://en.vietnamplus.vn/thailand-expects-more-agricultural-exports-shipped-to-china-via-chinalaos-railway/224674.vnp

## ၂၀၂၂ ခုနှစ်၊ ဧပြီလဒုတိယ(၁၅)ရက်အတွင်း ဆန်ဈေးနှုန်းများ

| အမျိုးအမည် | ဈေးကွက်ပေါက်ဈေး (ကျပ်/ အိတ်-၃၀ပိဿာ-တစ်တင်းခွဲ) | | | | |
|---|---|---|---|---|---|
| | နေပြည်တော် | ရန်ကုန် | မကွေး | စစ်ကိုင်း | ရွှေဝတီ |
| မနောသုခ | ၃၂၀၀၀ | ၃၅၀၀၀ | ၄၂၅၀၀ | ၄၃၀၀၀ | ၃၁၀၀၀ |
| ဆင်းသုခ | ၃၂၀၀၀ | ၃၃၀၀၀ | ၄၂၅၀၀ | ၄၃၀၀၀ | ၃၁၀၀၀ |
| ရွှေမင်း | ၄၆၀၀၀ | ၃၃၀၀၀ | ၅၀၀၀၀ | ၆၀၀၀၀ | ၃၄၀၀၀ |
| ပေါ်ဆန်း | ၆၄၀၀၀ | ၄၈၀၀၀ | ၆၁၀၀၀ | ၆၂၀၀၀ | ၅၂၀၀၀ |

## ၂၀၂၂ ခုနှစ်၊ ဧပြီလဒုတိယ(၁၅)ရက်အတွင်း စားသုံးဆီဈေးနှုန်းများ

| အမျိုးအမည် | ဈေးကွက်ပေါက်ဈေး (ကျပ်/ ပိဿာ) | | | | |
|---|---|---|---|---|---|
| | နေပြည်တော် | ရန်ကုန် | မန္တလေး | မကွေး | စစ်ကိုင်း |
| မြေပဲဆီ | ၁၀၀၀၀ | ၁၂၀၀၀ | ၁၁၀၀၀ | ၉၀၀၀ | ၁၁၀၀၀ |
| နှမ်းဆီ | ၁၀၀၀၀ | ၁၁၀၀၀ | ၉၅၀၀ | ၉၀၀၀ | ၁၀၅၀၀ |
| နေကြာဆီ | ၉၅၀၀ | ၁၁၀၀၀ | ၉၅၀၀ | ၈၀၀၀ | ၁၁၀၀၀ |
| စားအုန်းဆီ | ၇၅၀၀ | ၆၂၀၀ | - | ၈၀၀၀ | - |
| ပဲပုတ်ဆီ | - | - | - | - | ၈၀၀၀ |

## မြန်မာ့ပဲမျိုးစုံတင်ပို့မှုအခြေအနေ

### ၂၀၂၂ ခုနှစ် မတ်လစတုတ္ထပတ်နှင့် ဧပြီလပထမပတ်အတွင်း တင်ပို့မှုနှိုင်းယှဉ်ချက်

| ပဲမျိုးစုံ | ရေတွက်ပုံ | တင်ပို့မှု | | |
|---|---|---|---|---|
| | | မတ်လ စတုတ္ထပတ် | ဧပြီလ ပထမပတ် | အတိုး/ အလျော့ |
| မတ်ပဲ | US$ | ၁၅.၂၅၃ | ၃.၅၆၉ | (-)၁၁.၆၈ |
| | ကီလို | ၂၁၅၁၁.၉၈ | ၄၆၄၆.၂၂၃ | (-)၁၆၈၆၅.၇၅၇ |
| ပဲတီစိမ်း | US$ | ၂၆.၆၈၃ | ၂၃.၁၂ | (-)၃.၅၆၃ |
| | ကီလို | ၃၆၃၄၄.၄၅၂ | ၃၀၀၇၈.၁၀၅ | (-)၆၂၆၆.၃၄၇ |
| ပဲစဉ်းငုံ | US$ | ၅.၄၂၆ | ၁.၃၅၆ | (-)၄.၀၇ |
| | ကီလို | ၇၈၃၆.၇၇ | ၁၉၂၉.၀၁ | (-)၅၉၀၇.၇၆ |
| ကုလားပဲ | US$ | ၀.၈၃၆ | ၀.၇၃၈ | (-)၀.၀၉၈ |
| | ကီလို | ၁၃၄၅.၀၁ | ၁၁၀၈.၆ | (-)၂၃၆.၄၁ |
| ပဲလွန်းဖြူ | US$ | ၂.၁၉ | ၁.၄၂၃ | (-)၀.၇၆၇ |
| | ကီလို | ၃၄၀၂.၆၅ | ၂၁၇၁.၈၀၂ | (-)၁၂၃၀.၈၅ |
| မြေထောက်ပဲ | US$ | ၃.၄၅၃ | ၂.၉၉၇ | (-)၀.၄၅၆ |
| | ကီလို | ၄၈၀၈.၉၁၈ | ၄၂၁၉.၄၂၇ | (-)၅၈၉.၄၉၁ |
| ထောပတ်ပဲ | US$ | ၀.၂၄၆ | ၀.၃၇ | (+)၀.၁၂၄ |
| | ကီလို | ၂၇၃.၀၀ | ၄၃၄.၀၇ | (+)၁၆၁.၀၇ |
| ပဲယင်း | US$ | ၃.၂၆၅ | ၄.၁၂၉ | (+)၀.၈၆၄ |
| | ကီလို | ၄၇၆၅.၃၁၃ | ၅၄၆၈.၂၀ | (+)၇၀၂.၈၈၇ |
| ပဲကြီး | US$ | ၀.၇၀၃ | ၀.၈၀၄ | (+)၀.၁၀၁ |
| | ကီလို | ၁၀၇၆.၇၃ | ၁၁၆၀.၇၅ | (+)၈၄.၀၂ |
| ပဲကတ္တီပါ (စွန်တာနီ) | US$ | ၀.၃၃၆ | ၀.၂၃၉ | (-)၀.၀၉၇ |
| | ကီလို | ၄၅၇.၉၈၅ | ၃၂၄.၉၆၁ | (-)၁၃၃.၀၂၄ |
| ပဲကတ္တီပါ (စွန်တာပြာ) | US$ | ၀.၁၂၁ | ၀.၀၀ | (-)၀.၁၂၁ |
| | ကီလို | ၁၆၂.၀၀ | ၀.၀၀ | (-)၁၆၂.၀၀ |
| ပဲဖြူကလေး | US$ | ၀.၀၀ | ၀.၀၁၄ | (+)၀.၀၁၄ |
| | ကီလို | ၀.၀၀ | ၂၄.၀၀ | (+)၂၄.၀၀ |
| ဘိုကိတ်ပဲ | US$ | ၁.၁၂၆ | ၁.၂၇ | (+)၀.၁၄၄ |
| | ကီလို | ၁၇၃၀.၅၂ | ၁၈၄၂.၀၀ | (+)၁၁၁.၄၈ |
| မြေပဲ (အခွံပါ) | US$ | ၀.၂၅၅ | ၀.၀၀ | (-)၀.၂၅၅ |
| | ကီလို | ၃၉၄.၃၀၇ | ၀.၀၀ | (-)၃၉၄.၃၀၇ |
| မြေပဲဆံ | US$ | ၁.၀၀ | ၁.၁၈၁ | (+)၀.၂၀ |
| | ကီလို | ၁၂၆၉.၂၉၂ | ၁၂၁၆.၅ | (-)၅၂.၇၉ |
| အခြားပဲ | US$ | ၀.၁၀၇ | ၀.၁၆၀ | (+)၀.၀၅၃ |
| | ကီလို | ၁၈၁.၆၀၄ | ၂၂၅.၃၂ | (+)၄၃.၇၂ |
| စုစုပေါင်း | US$ | ၆၀.၅၃၇ | ၄၁.၃၇ | (-)၁၉.၁၆၇ |
| | ကီလို | ၈၄၇၇၁.၉၀၅ | ၅၄၈၄၈.၉၆၈ | (-)၂၉၉၂၂.၉၃၇ |

Source: ကုန်သွယ်ရေးဦးစီးဌာန၊ MOC မှ ကိန်းဂဏန်းများ အသုံးပြု၍ Trade Section, DoA မှ တွက်ချက်ဖော်ပြထားခြင်းဖြစ်ပါသည်။

## ၂၀၂၂ ခုနှစ်၊ ဧပြီလဒုတိယ(၁၅)ရက်အတွင်း စိုက်ပျိုးရေးသွင်းအားစုဈေးနှုန်းများ

### ဓါတ်မြေသြဇာ

| အမျိုးအမည် | ဈေးကွက်ပေါက်ဈေး (ကျပ်/ အိတ်-၅၀ကီလို) | | | | |
|---|---|---|---|---|---|
| | နေပြည်တော် | ရန်ကုန် | စစ်ကိုင်း | ရွှေဝတီ | ရှမ်း |
| **ယူရီးယား** | | | | | |
| - မြင်းပျံ | ၈၅၀၀၀ | ၁၀၁၀၀၀ | ၉၅၀၀၀ | ၉၅၀၀၀ | ၈၉၀၀၀ |
| - ရွှေတောင် | ၈၀၀၀၀ | ၉၈၀၀၀ | ၉၂၀၀၀ | ၉၃၀၀၀ | ၈၆၀၀၀ |
| - သြဘာ/ ကောမက် | ၈၀၀၀၀ | ၉၈၀၀၀ | ၉၉၀၀၀ | ၉၅၀၀၀ | ၈၆၀၀၀ |
| - ရွှေနဂါး | ၈၅၀၀၀ | ၁၀၂၀၀၀ | ၉၅၀၀၀ | ၉၄၀၀၀ | - |
| - ဝိစာရ | ၇၅၀၀၀ | ၉၈၀၀၀ | ၉၅၀၀၀ | ၉၆၀၀၀ | ၈၇၀၀၀ |
| **တီစူပါ** | | | | | |
| - သံကွင်း | - | ၈၉၀၀၀ | ၈၅၀၀၀ | ၈၅၀၀၀ | ၇၅၀၀၀ |
| - အာမို | ၇၀၀၀၀ | ၉၂၀၀၀ | ၈၄၀၀၀ | ၉၀၀၀၀ | ၇၅၀၀၀ |
| - သြဘာ/ ကောမက် | ၇၆၀၀၀ | ၈၉၀၀၀ | ၈၇၀၀၀ | ၇၆၀၀၀ | ၈၂၀၀၀ |
| - ဝိစာရ | ၇၂၀၀၀ | ၈၈၅၀၀ | ၈၄၀၀၀ | - | - |
| **ပိုတက်ရှ်** | | | | | |
| - မာကိုတာ | - | ၈၉၀၀၀ | ၉၅၀၀၀ | ၈၀၀၀၀ | ၇၈၀၀၀ |
| - ဝိစာရ | - | ၇၈၀၀၀ | ၉၅၀၀၀ | - | - |
| - အာမို | ၈၅၀၀၀ | ၈၇၀၀၀ | ၉၇၀၀၀ | ၉၅၀၀၀ | ၇၈၀၀၀ |
| - သြဘာ | - | ၈၇၅၀၀ | ၉၉၀၀၀ | ၉၀၀၀၀ | - |
| **ကွန်ပေါင်း** | | | | | |
| - သြဘာ/ ကောမက် | ၈၂၀၀၀ | ၈၇၀၀၀ | ၉၀၀၀၀ | ၉၆၁၀၀ | ၈၂၀၀၀ |
| - အာမို | ၈၂၀၀၀ | ၉၅၀၀၀ | ၉၀၀၀၀ | ၉၆၈၀၀ | ၈၂၀၀၀ |
| - ဝိစာရ | ၈၀၀၀၀ | ၈၅၀၀၀ | ၈၆၀၀၀ | ၉၅၆၀၀ | ၈၂၀၀၀ |
| - ရွှေနဂါး | - | ၈၅၀၀၀ | ၈၄၀၀၀ | ၉၆၀၀၀ | - |
| - သံကွင်း | - | ၈၂၀၀၀ | ၈၄၀၀၀ | ၉၃၀၀၀ | ၈၀၀၀၀ |

### စပါးမျိုးစေ့

| အမျိုးအမည် | ဈေးကွက်ပေါက်ဈေး (ကျပ်/ တင်း-၄၆ပေါင်) | | | |
|---|---|---|---|---|
| | နေပြည်တော် | ရန်ကုန် | စစ်ကိုင်း | ရွှေဝတီ |
| မနောသုခ | ၁၇၀၀၀ | - | ၁၃၅၀၀ | ၁၂၀၀၀ |
| ဆင်းသုခ | ၁၇၀၀၀ | ၁၄၀၀၀ | ၁၃၅၀၀ | ၁၂၀၀၀ |
| ရွှေမင်း | ၂၀၀၀၀ | ၁၄၀၀၀ | ၁၆၀၀၀ | ၁၂၀၀၀ |
| ပေါ်ဆန်း | ၁၈၀၀၀ | ၁၇၀၀၀ | ၁၇၀၀၀ | ၁၅၀၀၀ |

စိုက်ပျိုးရေး ဈေးကွက်သတင်းလွှာ

(Agriculture Market Bulletin) Market Information System စိုက်ပျိုးရေးဦးစီးဌာန

ရုံးအမှတ်(၄၃)၊ စိုက်ပျိုးရေးဦးစီးဌာန၊ နေပြည်တော်

*မှာယူမည်ဆိုပါက အမည်၊ လုပ်ငန်း/အဖွဲ့အစည်း၊ ဆက်သွယ်ရန်လိပ်စာတို့နှင့်အတူ ဈေးကွက်သတင်းအချက်အလက်စနစ်ဌာနစိတ်၊ စီမံကိန်းရေးဆွဲစိစစ်သုံးသပ်ရေးဌာနခွဲ၊ စိုက်ပျိုးရေးဦးစီးဌာန၊ ရုံးအမှတ်(၄၃)၊ နေပြည်တော်သို့ ဆက်သွယ်မှာယူနိုင်ပါသည်။

ဖုန်း - ၀၆၇ ၃၄၁၀၅၃၈, Email: doamisppme@gmail.com